# ကမ္ဘာလုံးဆိုင်ရာခြိမ်းခြောက်မှုဖြစ်လာသည့်အကြမ်းဖက်မှု

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်


**အကျဉ်းချုပ်**

ယနေ့ကမ္ဘာတွင် အကြမ်းဖက်မှု၊ အကြမ်းဖက်ဝါဒဟူသောစကားလုံးကို နေ့စဉ်ကြားနေရပြီး အကြမ်းဖက်မှုသည် အမှန်တကယ်ပင်ကမ္ဘာလုံးဆိုင်ရာ အသွင်ဆောင်နေကာ နိုင်ငံများနှင့် အသိုင်းအဝိုင်းများအကြား ဆက်ဆံရေးကိုခြိမ်းခြောက် လွှမ်းမိုးနေသော အကြီးဆုံးအန္တရာယ်ဖြစ်သည်ဟု နိုင်ငံအများအပြားကမှတ်ယူထားကြသည်။ အကြမ်းဖက်ဝါဒ သမိုင်းကြောင်းကိုလေ့လာခဲ့သော ပညာရှင်ဒေးဗစ်ရာပိုပေါ့ (David Rapoport)က အကြမ်းဖက်ဝါဒကို လှိုင်းကြီးလေးလှိုင်းအဖြစ်ခွဲခြားခဲ့ပြီး လှိုင်းတစ်ခုနှင့်တစ်ခု အကြမ်းဖက်မှုပုံစံ၊ အကြမ်းဖက်သမားများအပေါ် ဂရုဏာသက်သူများနှင့် ထောက်ခံသူများ ပုံစံမတူကြပါဟုဆိုပါသည်။ ဤစာတမ်းတိုတွင် ကမ္ဘာကြီးကို အကြီးအကျယ်ခြိမ်းခြောက်ဒုက္ခပေးနေသော အစွန်းရောက်အကြမ်းဖက်အဖွဲ့များဖြစ်သည့် အယ်လ်ကိုင်းဒါးအကြမ်းဖက်အဖွဲ့၊ အိုင်အက်စ်အစွန်းရောက်အဖွဲ့နှင့် ဂျမားအစ္စလာမ်မီးယားအဖွဲ့များဖြစ်သည့် ဘိုကိုဟာရမ်အကြမ်းဖက်အဖွဲ့၊ RSO အကြမ်းဖက်အဖွဲ့စသည့် အစွန်းရောက်အကြမ်းဖက်အဖွဲ့များအနက်မှ အိုင်အက်စ်အစွန်းရောက်အဖွဲ့၏အကြောင်းအရာများကို စုစည်းလေ့လာဖော်ပြထားပါသည်။



ရေးသားပြုစုသူ

**ဒေါ်သန္တာစိုးစိုးအောင် -M.A (International Relations)**


သုတေသနစာတမ်းတိုအမှတ်(၂၁)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အကျဉ်းချုပ် | ၁ |
| ၂။ | မာတိကာ | ၂ |
| ၃။ | နိဒါန်း | ၃ |
| ၄။ | အကြမ်းဖက်ဝါဒလှိုင်းကြီးလေးလှိုင်း | ၄ |
| ၅။ | နာမည်ကျော်အကြမ်းဖက်မှုများ | ၆ |
| ၆။ | အိုင်အက်စ်အဖွဲ့စတင်ပေါ်ပေါက်လာပုံ | ၁၀ |
| ၇။ | အကြမ်းဖက်မှုအပေါ်တွင်အစိုးရများ၏ချမှတ်ထားသောမူဝါဒများ၊ သဘောထားများ | ၁၆ |
| ၈။ | မြန်မာနိုင်ငံနှင့်လတ်တလောအကြမ်းဖက်ဖြစ်စဉ်များ | ၂၃ |
| ၉။ | နိဂုံး | ၂၉ |

## နိဒါန်း

၁။ ကမ္ဘာ့သမိုင်းတွင် အကြမ်းဖက်မှုမှာ ၁၇၉၃ခုနှစ်ကတည်းကပင် စတင်ပေါ်ပေါက်ခဲ့သည်။ ပြင်သစ်နိုင်ငံတွင် ပဒေသရာဇ်တို့အုပ်စိုးသော ထိတ်လန့်တုန်လှုပ်ဖွယ် ခေတ်ကာလတွင် ပြင်သစ်တော်လှန်ရေးပေါ်ပေါက်ခဲ့ရာမှ အကြမ်းဖက်မှုစတင်ဖြစ်ပွားလာခဲ့သည်ဟုဆိုနိုင်ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည့် အစောပိုင်းအချိန်များတွင် ပြင်သစ်အာဏာပိုင်များသည် နိုင်ငံတော်ဥပဒေများကိုလိုက်နာပြီး ပြည်သူတို့ကိုကြောက်ရွံ့တုန်လှုပ်သွားစေရန် အကြမ်းဖက်ကျူးလွန်သူများအား အစုလိုက်အပြုံလိုက်ခေါင်းဖြတ်စက်တွင် ခေါင်းဖြတ်ကွပ်မျက်ပြခဲ့သည်။ အကြမ်းဖက်မှုများသည် များသောအားဖြင့် နိုင်ငံရေးသဘောအရ လုပ်ဆောင်သောလုပ်ရပ်ဖြစ်ပြီး အင်အားသုံး အကြမ်းပတမ်းတိုက်ခိုက်မှုပင်ဖြစ်သည်။ အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုများသည် ပြည်သူတို့ထိတ်လန့်တုန်လှုပ်စေရန်လည်ကောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ရခြင်းအကြောင်းရင်းကို အာရုံစိုက်လာစေရန်လည်းကောင်း၊ သို့မဟုတ် အကြမ်းဖက်သမားတို့၏သဘောထားကိုသိရှိစေရန်လည်းကောင်းပြုလုပ်ခြင်းဖြစ်သည်။ အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုအမျိုးအစားများတွင် ဗုံးခွဲတိုက်ခိုက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ဓားစာခံဖမ်းဆီးခြင်း၊ လက်နက်အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ မီးတင်ရှို့ခြင်း၊ မီးလောင်ဗုံးခွဲခြင်း၊ လေယာဉ်ပြန်ပေးဆွဲခြင်းနှင့် အင်တာနက်ဆိုက်ဘာ အကြမ်းဖက်တိုက်ခိုက်ခြင်းအမျိုးအစားအချို့ပါဝင်သည်။[1]

၂။ ယနေ့ကမ္ဘာတွင် အကြမ်းဖက်မှု၊ အကြမ်းဖက်ဝါဒဟူသောစကားလုံးကို နေ့စဉ်ကြားနေရပြီး အကြမ်းဖက်မှုသည် အမှန်တကယ်ပင်ဂလိုဘယ်သဘော ဆောင်နေပါသည်။ အကြမ်းဖက်ဝါဒသည် နိုင်ငံများနှင့်အသိုင်းအဝိုင်းများအကြား ဆက်ဆံရေးကို

---

၁။ No.397. December, 2015 ၊မောင်သာ(ရှေးဟောင်းသုတေသန)၊ သုတစွယ်စုံ၊ သုတစွယ်စုံစာအုပ်တိုက် ၊စာ- ၁၄၂

ခြိမ်းခြောက်လွှမ်းမိုးနေသော အကြီးဆုံးအန္တရာယ်ဖြစ်သည်ဟု အများကမှတ်ယူထားကြသည်။[2]

## အကြမ်းဖက်ဝါဒလှိုင်းကြီးလေးလှိုင်း

၃။ ယနေ့ခေတ်သစ် အကြမ်းဖက်မှုဝါဒမှာမူ ၁၈၇၀ နှင့် ၁၈၈၀ပြည့်လွန်နှစ်များအတွင်းလှုပ်ရှားခဲ့သော မင်းမဲ့ဝါဒလှုပ်ရှားမှုမှစတင်ခဲ့သည်ဟုပညာရှင်များက ဆိုကြသည်။ လွန်ခဲ့သောရာစုနှစ် တစ်ခုကျော်ကတည်းကပင် မတူညီသောနည်းဗျူဟာများ၊ ကြွေးကြော်သံများနှင့် လက်ဝဲအစွန်းရောက်များမှသည် ခွဲထွက်ရေးအမျိုးသားရေးဝါဒီများအထိ နိုင်ငံရေးနောက်ခံအမျိုးမျိုးရှိသော အကြမ်းဖက်အုပ်စုများ ပေါ်ပေါက်ခဲ့ကြသည်။ အကြမ်းဖက်ဝါဒသမိုင်းကြောင်းကိုလေ့လာခဲ့သော ပညာရှင်ဒေးဗစ်ရာပိုပေါ့ (David Rapoport)က အကြမ်းဖက်ဝါဒကို လှိုင်းကြီးလေးလှိုင်းအဖြစ် ခွဲခြားခဲ့သည်။ လှိုင်းတစ်ခုနှင့်တစ်ခု အကြမ်းဖက်မှုပုံစံ၊ အကြမ်းဖက်သမားများအပေါ် ဂရုဏာသက်သူများနှင့်ထောက်ခံသူများပုံစံမတူကြပါ။ အကြမ်းဖက်ဝါဒလှိုင်းတစ်ခုစီ၏သက်တမ်းသည် ဆယ်စုနှစ်အနည်းငယ်ကြာမြင့်တတ်ပြီး နှစ်ပေါင်းသုံး/လေး ဆယ်ခန့်ကြာမြင့်ပြီးနောက် လှိုင်းများအားနည်းသွားသည်။ ပထမဆုံးလှိုင်းမှာ ၁၈၈၀ပြည့်လွန်နှစ်များအတွင်း မင်းမဲ့ဝါဒီလှုပ်ရှားမှု(Anarchist)ဖြစ်ပြီး ဒုတိယလှိုင်းမှာ ၁၉၂၀နှစ်များအတွင်း ကိုလိုနီဆန့်ကျင်ရေးလှုပ်ရှားမှု(Anti-Colonial)ဖြစ်သည်။ တတိယလှိုင်းမှာ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်းပေါ်ပေါက်ခဲ့သော လက်ဝဲသစ်လှုပ်ရှားမှု (New Left) (သို့မဟုတ်) ကွန်မြူနစ်အကြမ်းဖက်ဝါဒဖြစ်သည်။ ပထမလှိုင်းသုံးလှိုင်းမှာမျိုးဆက်တစ်ခု၊ သို့တည်းမဟုတ် နှစ်ပေါင်းလေးဆယ်ကျော်ကြာမြင့်ခဲ့သည်။ နောက်ဆုံးစတုတ္ထလှိုင်းမှာ ၁၉၇၉ ခုနှစ်ကစတင်ခဲ့သောဘာသာရေး(Religious)အကြမ်းဖက်လှိုင်းဖြစ်သည်။ ပထမလှိုင်းကာလ

၂။ အကြမ်းဖက်ဝါဒနှင့်အကြမ်းဖက်နှိမ်နင်းရေး၊ ဝင်းဇော်မိုး(ယောမြေ) သေနင်္ဂမဂ္ဂဇင်း၊ အတွဲ-၄၊ စာ-၁၉ မှ၂၃

အကြမ်းဖက်အဖွဲ့များသည် ၎င်းတို့ကိုယ်၎င်းတို့ အကြမ်းဖက်သမားများဟုခေါ်ဆိုခဲ့ကြပြီး ဒေးဗစ်ရာပို့ပေါ့၏အဆိုအရ ၁၈၉၀ ပြည့်လွန်နှစ်များသည် လုပ်ကြံသတ်ဖြတ်ရေးသမားများအတွက် ရွှေခေတ်ဖြစ်သည်ဟုဆိုကြသည်။ အကြမ်းဖက် ရွှေခေတ်သည် ၁၈၉၀ ပြည့်လွန်နှစ်များမှသည် နှစ်ဆယ်ရာစုအစပိုင်းအထိကြာမြင့်ခဲ့ပြီး လုပ်ကြံသတ်ဖြတ်ခံရသူများတွင် ဩစတြီးယားဘုရင်မအယ်လီဇဘက်၊ အီတလီဘုရင်နှင့် အမေရိကန်သမ္မတမက်ကင်လေတို့ပါဝင်သည်။[3]

၄။ ရာပိုပေါ့က ဒုတိယလှိုင်းအဖြစ်သတ်မှတ်ခဲ့သည့် အကြမ်းဖက်မှုများမှာ ကိုလိုနီဆန့်ကျင်ရေးလှုပ်ရှားမှုများဖြစ်သည်။ ဒုတိယလှိုင်းသည် ၁၉၂၀ ပြည့်လွန်နှစ်များအတွင်းစတင်ခဲ့ပြီး နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးလှုပ်ရှားမှုများဖြစ်သည်။ ၎င်းတို့အသုံးပြုသည့်နည်းဗျူဟာမှာ အကြမ်းဖက်ပထမလှိုင်းကဲ့သို့ လုပ်ကြံသတ်ဖြတ်ရေးနည်းဗျူဟာမဟုတ်တော့ဘဲ ဗြိတိသျှအင်ပါယာ၊ ပြင်သစ်စသည့်ကိုလိုနီအင်အားကြီးနိုင်ငံများနှိမ်နင်းရခက်စေသည့် ပစ်ပြေးပျောက်ကျားစစ်ဆင်ရေးဖြစ်သည်။ အကြမ်းဖက်ဝါဒတတိယလှိုင်းကို ဒေးဗစ်ရာပိုပေါ့က လက်ဝဲသစ်လှိုင်း၊ သို့မဟုတ် လက်ဝဲစွန်းအကြမ်းဖက်ဝါဒဟုခေါ်ပြီး ၁၉၆၀ လွန်နှစ်များတွင်စတင်ခဲ့သည်။ တတိယလှိုင်းတွင် အကြမ်းဖက်အုပ်စုများ အသုံးပြုလေ့ရှိသောနည်းဗျူဟာမှာ ဓါးစာခံဖမ်းဆီးခြင်းနှင့် အပိုင်စီးခြင်းဖြစ်သည်။ ဓားစာခံဖမ်းဆီးခြင်းအတွက် အထင်ရှားဆုံးဥပမာမှာ ၁၉၇၂ ခုနှစ်၊ မြူးနစ်အိုလံပစ်တွင် အစ္စရေးအားကစားသမားအဖွဲ့အား အနက်ရောင်စက်တင်ဘာ (black September) ဟုခေါ်သည့် အကြမ်းဖက်အဖွဲ့က ပစ်ခတ်သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်ဖြစ်သည်။ ဒေးဗစ်ရာပိုပေါ့က စတုတ္ထနှင့် နောက်ဆုံးအကြမ်းဖက်လှိုင်းအဖြစ်ဘာသာရေးအကြမ်းဖက်လှိုင်းဟုခေါ်ဆိုခဲ့ပြီး ထိုလှိုင်းသည် အီရန်နိုင်ငံတွင် အစ္စလာမ်မစ်

---

၃။ အကြမ်းဖက်ဝါဒနှင့်အကြမ်းဖက်နှိမ်နင်းရေး၊ ဝင်းဇော်မိုး(ယောမြေ)၊ သေနင်္ဂမဂ္ဂဇင်း ၊အတွဲ-၄၊ စာ-၁၉ မှ၂၃

တော်လှန်ရေးဖြစ်ပွားခဲ့သော ၁၉၇၉ခုနှစ်တွင် အစပြုခဲ့သည်။ ၁၉၇၉ ခုနှစ် ကတည်းက စတင်ခဲ့သော ဘာသာရေးအကြမ်းဖက်အုပ်စုများတွင် ဘာသာမျိုးစုံမှအဖွဲ့များပါဝင်သည်ဟု ရာပိုပေါ့ကဆိုပါသည်။ ဘာသာရေးအကြမ်းဖက်လှိုင်းသည် ရှေ့မှအကြမ်းဖက်လှိုင်းသုံးလှိုင်းကဲ့သို့ နိုင်ငံခေါင်းဆောင်များ၊ စစ်ခေါင်းဆောင်များကိုလုပ်ကြံသတ်ဖြတ်ခြင်း၊ ဓားစာခံဖမ်းဆီးခြင်း၊ အပိုင်စီးခြင်းများလုပ်သည့်အပြင် အသစ်တိုးလာသည်မှာ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ စတုတ္ထအကြမ်းဖက်လှိုင်းတွင် အယ်လ်ကိုင်းဒါး (AI Qaeda) အဖွဲ့ပါဝင်ပါသည်။ ISIS (Islamic State of Iraq and Seria) အဖွဲ့သည်လည်း ဘာသာရေးအခြေခံအကြမ်းဖက်အဖွဲ့ဖြစ်သည်။[4]

## နာမည်ကျော်အကြမ်းဖက်မှုများ

၅။ ပထမဦးစွာ သမိုင်းတွင် ထိတ်လန့်တုန်လှုပ်ဖွယ်အကြမ်းဖက်တိုက်ခိုက်မှုများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်။ ၁၉၇၈ ခုနှစ်၊ ဩဂုတ် ၁၉ ရက်နေ့၌ အီရန်နိုင်ငံတွင် ရုပ်ရှင်ရုံကြီး (Cinema Rex)ကို အစ္စလာမ္မစ်စစ်သွေးကြွ အကြမ်းဖက်သမားများက မီးတင်ရှို့ခဲ့ရာ အပြစ်မဲ့ပြည်သူ ၄၅၀ ခန့်သေဆုံးခဲ့ပါသည်။ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ၊ ၂၃ ရက်နေ့၌ လက်ဘနွန်နိုင်ငံ၊ ဘေရွတ်မြို့တွင် အမေရိကန် စစ်တန်းလျားအနီး၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် စစ်တန်းလျားအတွင်းရှိ စစ်သားများနှင့် စစ်သမီး၂၉၉ ဦးသေဆုံးခဲ့ရသည်။ အဆိုပါထရပ်ကား ဗုံးခွဲတိုက်ခိုက်မှုကို အစ္စလာမ္မစ်ဂျီဟတ်ဒ် အကြမ်းဖက်အဖွဲ့က ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း အခိုင်အမာထုတ်ဖော်ကြေညာခဲ့သည်။ ၁၉၈၅ ခုနှစ်၊ ဇွန်လ၌ အိန္ဒိယနိုင်ငံမှ Air India လေကြောင်းလိုင်း၏လေကြောင်းပျံသန်းမှုခရီးစဉ် Flight 182 ခရီးသည်တင် လေယာဉ်ကြီးပေါ်တွင် အကြမ်းဖက်သမားများထောင်ထားသော

---

၄။ အကြမ်းဖက်ဝါဒနှင့်အကြမ်းဖက်နှိမ်နင်းရေး၊ ဝင်းဇော်မိုး(ယောမြေ)၊ သေနင်္ဂမဂ္ဂဇင်း၊ အတွဲ-၄၊ စာ-၁၉ မှ၂၃

ဗုံးလေယာဉ်ပျံသန်းနေစဉ် ပေါက်ကွဲမှုကြောင့် ခရီးသည် ၃၂၉ ဦး စလုံးအသက်သေဆုံးသွားခဲ့သည်။ အဆိုပါ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုမှာ အိန္ဒိယနိုင်ငံမှ အကြမ်းဖက်အုပ်စု ဘက်ကာခါလ်ရှာအုပ်စု၏လက်ချက်ဖြစ်သည်ဟုယူဆရသည်။[5]

၆။ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၌ အကြမ်းဖက်သမားများသည် အမေရိကန်လေကြောင်း Pan Am ၏လေကြောင်းပျံသန်းမှုခရီးစဉ်အမှတ် ၁၀၃ Pan Am Flight 103 အားဗုံးခွဲတိုက်ခိုက်ခဲ့မှုကြောင့် သေဆုံးသူစုစုပေါင်း ၂၇၀ ရှိခဲ့သည်။ ၂၀၀၃ခုနှစ်တွင် လစ်ဗျားအကြမ်းဖက်သမားများက ၎င်းတို့ဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်းဝန်ခံခဲ့ကြသည်။ အာဏာရှင်လစ်ဗျားခေါင်းဆောင်မွမ်မာကဒါဖီက အဆိုပါတိုက်ခိုက်မှုမှာ ၎င်းတွင်တာဝန်ရှိကြောင်းဝန်ခံပြီး သေဆုံးသူများ၏မိသားစုဝင်များကို လျော်ကြေးပေးခဲ့သည်။ ၁၉၉၀ပြည့်နှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် သီရိလင်္ကာနိုင်ငံ၌ ရဲဌာနတစ်ခုအားအလစ်ဝင်တိုက်ခိုက်ခဲ့ရာ လက်နက်ကိုင်ဆောင်ထားခြင်းမရှိသော ရဲတပ်ဖွဲ့ဝင် ၇၇၄ ဦး အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းခံခဲ့ရသည်။ သီရိလင်္ကာနိုင်ငံမှ စစ်သွေးကြွခွဲထွက်ရေးအကြမ်းဖက်သမားများက သီရိလင်္ကာရဲတပ်ဖွဲ့ဝင်များအား သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါစစ်သွေးကြွခွဲထွက်ရေးအကြမ်းဖက်အဖွဲ့ LTTE ( Liberation Tigers of Tamil Eelam ) သည် ရဲတပ်ဖွဲ့ဝင်များအား သတ်ဖြတ်ပြီးနောက် ရဲဌာနရှိ ဒေါ်လာ ၄၅ သန်းနှင့် လက်နက်ခဲယမ်းများကိုလည်း ခိုးယူသွားခဲ့ကြသည်။[6]

၇။ သမိုင်းတွင် တုန်လှုပ်ဖွယ်အကောင်းဆုံး အထင်ကရအကြမ်းဖက်မှုကြီးမှာ ၂၀၀၁ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့၌ အမေရိကန်နိုင်ငံတွင်ဖြစ်ပွားခဲ့သော(9/11)တိုက်ခိုက်မှုကြီးသည် စနစ်တကျစီစဉ်ထားသော အကြမ်းဖက်တိုက်ခိုက်မှုလေးခုဖြင့် ဆက်တိုက်

---

၅။ No.397. December, 2015 ၊မောင်သာ(ရှေးဟောင်းသုတေသန)၊ သုတစွယ်စုံ၊ သုတစွယ်စုံစာအုပ်တိုက်၊စာ-၁၄၂
၆။ ibid

တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။ ထိုအကြမ်းဖက်တိုက်ခိုက်မှုများက နယူးယောက်မြို့နှင့် ဝါရှင်တန်ဒီစီမြို့တို့ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုမှ ခရီးသည်တင် လေယာဉ်ကြီးလေးစင်းကို အယ်လ်ကိုင်းဒါးအကြမ်းဖက်အဖွဲ့က ပြန်ပေးဆွဲခဲ့သည်။ အဆိုပါလေယာဉ်လေးစင်းအနက် လေယာဉ်နှစ်စင်းသည် ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန (World Trade Center )ကိုဝင်တိုက်ခဲ့ပြီး အခြားလေယာဉ်တစ်စင်းမှာ ပင်တဂွန်ကိုတိုက်ခိုက်ခဲ့သည်။ နောက်ဆုံးခရီးသည်တင်လေယာဉ်သည် ပျက်ကျသွားခဲ့သည်။ အဆိုပါ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အကြမ်းဖက်တိုက်ခိုက်မှုကြီးတွင် အကြမ်းဖက်သမား ၁၉ဦး အပါအဝင်အပြစ်မဲ့ပြည်သူ ၂၉၉၆ ဦး အသက်သေဆုံးခဲ့ရပြီး ၆၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့က အီရတ်နိုင်ငံ၊ မိုဆူးလ်မြို့အနီးရှိ ခါတာနီယားနှင့် ဂျာဇီးရားအရပ်ဒေသတို့တွင် အကြမ်းဖက်သမားများက စနစ်တကျစီစဉ်ထားသော အကြမ်းဖက်တိုက်ခိုက်မှုလေးခုကိုပြုလုပ်ခဲ့ရာ အပြစ်မဲ့ အရပ်သားပြည်သူ ၇၉၆ ဦးသေဆုံးခဲ့ပြီး ၁၅၉၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၌ ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် အားကစားရုံပြင်ပ အသေခံဗုံးခွဲတိုက်ခိုက်မှုသုံးခုအပါအဝင် လူအုပ်အတွင်းသေနတ်ဖြင့်ပစ်ခတ်မှုနှင့် အသေခံဗုံးခွဲတိုက်ခိုက်မှုများ တစ်ပြိုင်တည်းဖြစ်ပွားခဲ့သည်။ ၎င်းတိုက်ခိုက်မှုတွင် ISအကြမ်းဖက်သမား ၇ ဦးအပါအဝင် လူ ၁၃၇ ဦးသေဆုံးပြီး ၄၁၃ ဦးဒဏ်ရာရရှိကာ ၁၀၀နီးပါး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြသည်။ အိုင်အက်စ်အဖွဲ့က ယင်းတိုက်ခိုက်မှုများကို မိမိတို့ ဆောင်ရွက်ခဲ့ကြကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။[7]

---

၇။ No.397. December, 2015 ၊မောင်သာ(ရှေးဟောင်းသုတေသန)၊ သုတစွယ်စုံ၊ သုတစွယ်စုံစာအုပ်တိုက်၊စာ-၁၄၂

၈။ အောက်ဖော်ပြပါဇယားသည် ၂၀၀၆ ခုနှစ် မှ ၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာတစ်ဝှမ်း အကြမ်းဖက်မှုကြောင့် သေဆုံးခဲ့သူများ၏အရေအတွက်ကို ဖော်ပြထား ခြင်းဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်တွင် အကြမ်းဖက်သူများကြောင့် လူပေါင်း ၂၅,၆၂၁ ဦး သေဆုံးခဲ့ပါသည်။

**Number of casualties due to terrorism worldwide between 2006 and 2016[8]**




၉။ အောက်ဖော်ပြပါဇယားသည် ၂၀၀၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာတစ်ဝှမ်း အကြမ်းဖက် တိုက်ခိုက်မှု၏အရေအတွက်ကိုဖော်ပြထားပြီး ၂၀၁၆ ခုနှစ် အကြမ်းဖက် တိုက်ခိုက်မှုအရေ အတွက်မှာ ၁၁,၀၇၂ကြိမ်ရှိခဲ့ပါသည်။

**Number of terrorist attacks worldwide between 2006 and 2016[9]**




---

၈။ https://www.statista.com/statistics/202871/number-of-fatalities-by-terrorist-attacks-worldwide/

၉။ https://www.statista.com/statistics/202864/number-of-terrorist-attacks-worldwide/

## အိုင်အက်စ်(ISIS)အဖွဲ့စတင်ပေါ်ပေါက်လာပုံ

၁၀။ အေဒီ ၁၁၂၀ ခုနှစ်နောက်ပိုင်းတွင် တူရကီမူဆလင်နှင့် အာရတ်မူဆလင်တို့သည် အိန္ဒိယတိုက်နယ်များနှင့် အာရှတိုက်အတွင်းမှ မလေးရှား၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် အာဖဂန်နစ္စတန်အစရှိသည့် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာဝင်တို့၏ နိုင်ငံများကိုတိုက်ခိုက်သိမ်းပိုက်ခဲ့ကြ၏။ သို့သော် ၎င်းစစ်ပွဲ၌မူဆလင်တို့သည် ဗုဒ္ဓဘာသာနှင့်ဟိန္ဒူဘာသာဝင်တို့ကို တဖက်သတ်တိုက်ခိုက်ခဲ့သောနယ်ချဲ့စစ်၊ ဘာသာချဲ့စစ် သက်သက်သာဖြစ်သည်။ ခရူးဆိတ်စစ်ပွဲကဲ့သို့ ခရစ်ယာန်နှင့်မူဆလင်တို့ အပြန်အလှန်တိုက်ခိုက်ခဲ့သကဲ့သို့ ဘာသာရေးစစ်ပွဲမဟုတ်ခဲ့ပါ။ ယခုအခါ ကမ္ဘာကြီးကိုအကြီးအကျယ်ခြိမ်းခြောက်ဒုက္ခပေးနေသော အစွန်းရောက်အကြမ်းဖက်အဖွဲ့များဖြစ်သည့် အယ်လ်ကိုင်ဒါးအကြမ်းဖက်အဖွဲ့၊ အိုင်အက်စ်အစွန်းရောက်အဖွဲ့နှင့် ဂျမားအစ္စလာမ်မီးယားအဖွဲ့များဖြစ်သည့် ဘိုကိုဟာရမ် (Boko Haram)အကြမ်းဖက်အဖွဲ့၊ RSO အကြမ်းဖက်အဖွဲ့စသည့် အစွန်းရောက်အကြမ်းဖက်အဖွဲ့ဟူသမျှသည် ဘာသာရေးကိုအမည်ခံထားသည့် အစွန်းရောက်အဖွဲ့အစည်းများသာဖြစ်သည်။[10]

၁၁။ အိုင်အက်စ်(Islamic State of Iraq and Seria)အဖွဲ့၏ရည်ရွယ်ချက်မှာ တစ်ဦးတည်းသော နိုင်ငံရေးနှင့်ဘာသာရေးခေါင်းဆောင်က တစ်ကမ္ဘာလုံးအပေါ် ရှာရီယာအစ္စလာမ္မစ်ဥပဒေကိုကျင့်သုံးအုပ်ချုပ်သော ၎င်းတို့အခေါ် Worldwide caliphate ဟုခေါ်သော အစ္စလာမ္မစ်နိုင်ငံထူထောင်ရန်ဖြစ်ပါသည်။ ၎င်းအဖွဲ့အား (Islamic State of Iraq and Seria and the Levant –ISIL) ဟူ၍လည်း လူသိများသည်။ ၎င်းတို့၏အင်အားသည် အီရတ်နှင့်ဆီးရီးယားတွင်သာရှိနေသော်လည်း အိုင်အက်စ်တို့

---

၁၀။ http://shwelinmaung.blogspot.com/2014/11/blog-post_3.html

သည် နယ်စပ်များကိုဖြတ်ကျော်ကာ ဂျော်ဒန်နှင့်လက်ဘနွန်နိုင်ငံများအထိ ၎င်းတို့အင်အားကိုဖြန့်ကျက်၍ ပါလက်စတိုင်းကိုလွတ်မြောက်ရန်လုပ်မည်ဟု ကတိပြုထားသည်။ အိုင်အက်စ်အဖွဲ့စတင်ခဲ့ပုံကိုလေ့လာကြည့်ပါက ကွယ်လွန်သူဂျော်ဒန်နိုင်ငံသားအဘူမူဆာဘ်အဲလ်ဇာကာဝီက ၂၀၀၂ ခုနှစ်တွင်ထူထောင်ခဲ့သော တော်ဟစ်ဝါအဲဂျီဟတ် (Jama'at al-Tawhid wal-Jihad-JTJ)အဖွဲ့သည် အိုင်အက်စ်အစဟုပြောနိုင်ပါသည်။ ၂၀၀၃ခုနှစ်တွင်အီရတ်အား အမေရိကန်တို့ဦးဆောင်သော နိုင်ငံတကာတပ်ဖွဲ့များဝင်ရောက်ခဲ့ပြီး တစ်နှစ်အကြာတွင် ဇာကာဝီသည် JTJ အဖွဲ့ကို ထူထောင်ခဲ့ပါသည်။ ၎င်းအဖွဲ့သည် ထိုအချိန်မှစ၍အီရတ်တွင် နိုင်ငံတကာတပ်ဖွဲ့များကို ဆန့်ကျင်တိုက်ခိုက်နေသော အဓိကကျသောအင်အားစုဖြစ်လာခဲ့ပါသည်။ ဇာကာဝီကွယ်လွန်ခဲ့ပြီး နောက်ပိုင်း ၂၀၀၆ ခုနှစ်တွင် Al-Queda in Iraq(AQI) အဖွဲ့သည် အခြားအဖွဲ့များကိုစုစည်းပြီး အိုင်အက်စအိုင်ဟုခေါ်သော Islamic State Iraq (ISI) အီရတ်အစ္စလာမ္မစ်နိုင်ငံအဖွဲ့ကိုထူထောင်ခဲ့ပါသည်။ သို့သော် အမေရိကန်တပ်ဖွဲ့များ၏တိုက်ခိုက်မှုနှင့် အိုင်အက်စ်အိုင်၏ရက်စက်မှုများကိုမကြိုက်ကြသော ဆွန်နီအာရပ်မျိုးနွယ်စုများက Sahwa ရှဝါကောင်စီကိုသီးခြားဖွဲ့စည်းခဲ့သောကြောင့် အိုင်အက်စ်အိုင်၏အင်အားသည် တစ်ဖြည်းဖြည်းလျော့နည်းသွားခဲ့သည်။ ၂၀၁၀ခုနှစ်တွင် အဘူဘာကာကဲဘက်ဒါဒီ ခေါင်းဆောင်ဖြစ်လာပြီးသည့်နောက် သူသည် အိုင်အက်စ်အိုင်၏အင်အားကို ပြန်လည်တည်ဆောက်ယူခဲ့ပါသည်။ ၂၀၁၃ ခုနှစ်မှစ၍ အိုင်အက်စ်အိုင်သည် အီရတ်တွင် တစ်လအတွင်းတိုက်ခိုက်မှုများပြုလုပ်လာနိုင်ခဲ့သည်။ ထို့နောက် အိုက်အက်စ်အိုင်သည် ဆီးရီးယားသမ္မတဘာရှာအဲအာဆတ်ကို ဆန့်ကျင်တိုက်ခိုက်မှုတွင် ပူးပေါင်းပါဝင်လာခဲ့ပြီး al- Nusra အဲနုဆရာတပ်ဦးကို ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၃ခုနှစ်ဧပြီလတွင် ဘာဂါဒီသည် အီရတ်နှင့်ဆီးရီးယားတွင်ရှိသော သူ၏တပ်များကိုပေါင်းစည်းပြီး ISIS အိုင်စစ်ဟုခေါ်သော

အီရတ်နှင့်လဲဗန့် (Levant)ဒေသ ဆိုင်ရာအစ္စလာမ္မစ်အဖွဲ့ကို ဖွဲ့စည်းကြောင်းကြေညာလိုက်သည်။ လဲဗန့်ဒေသဆိုသည်မှာ ဆီးရီးယား၊ လက်ဘနွန်၊ အစ္စရေး၊ ပါလက်စတိုင်း၊ ဂျော်ဒန်နှင့်ဆိုက်ပရပ်နိုင်ငံများပါဝင်သော ဒေသဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင်အိုင်စစ်သည် မျိုးနွယ်စုများ၏အထောက်အကူနှင့် အီရတ်နိုင်ငံအလယ်ပိုင်းဖောလူဂျာမြို့ကိုထိန်းချုပ် ထားနိုင်ခဲ့သည်။ ၂၀၁၄ခုနှစ်တွင် မြို့ကြီးမြို့ငယ်များကိုထိန်းချုပ်ခဲ့ပြီးနောက် အင်အားစုစည်းကာ အစ္စလာမ္မစ်နိုင်ငံထူထောင်ကြောင်း ကြေညာခဲ့ပြီး အိုင်စစ်အဖွဲ့ကိုလည်း အိုင်အက်စ်အစ္စလာမ္မစ်နိုင်ငံအဖွဲ့(Islamic State of Iraq and Seria)ဟု အမည်ပြောင်းခဲ့သည်။ [11]

၁၂။ အိုင်အက်စ် (IS) သို့မဟုတ် အိုင်အက်စ်အိုင်အက်စ် (ISIS) အုပ်စုအဖွဲ့ဝင်များစီစဉ်ပြုလုပ်သည့် ထိတ်လန့်စရာအကြမ်းဖက်သတင်းများက တစ်ကမ္ဘာလုံးကို အံ့အားသင့်ချောက်ချားခဲ့ရပါသည်။ အိုင်အက်စ်အဖွဲ့သည် ၎င်းတို့နှင့်မတူသောအခြားမွတ်ဆလင်များ၊ ခရစ်ယာန်များနှင့် တစ်ခြားလူနည်းစုများအပေါ် အကြမ်းဖက်မှုများဆက်တိုက်ဆောင်ရွက်နေကြသည်။ အီဂျစ်နိုင်ငံမှ ဩဇာကြီးမားသည့် မွတ်စလင်ဘာသာရေးခေါင်းဆောင်မုဖနီရှော်ကီအာလမ်က အိုင်အက်စ်အဖွဲ့ကို အစ္စလမ်ဘာသာနှင့်ဘာသာဝင်များအပေါ် ဒုက္ခပေးမည့် အစွန်းရောက်သွေးဆာနေသူအုပ်စုတစ်စုဟု ပြောကြားလိုက်သည်။ ထိုကဲ့သို့ ရှုတ်ချပြစ်တင်မှုများရှိသော်ငြားလည်း ဆီးရီးယားနိုင်ငံမှ အိုင်အက်စ်အဖွဲ့တွင် နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများ၏အရေအတွက်မှာ ၁၁,၀၀၀ အထိရှိလာနေပြီဟု ခန့်မှန်းရသည်။ ထိုအထဲတွင် အမေရိကန်နိုင်ငံသားများဒါဇင်နှင့်ချီ၍ ပါဝင်လျက်ရှိပြီး

၁၁။ http://www.theburmapost.com/2014/09/is.html

အချို့သည် အိုင်အက်စ်အဖွဲ့ထဲတွင် ရာထူးအမြင့်များကိုမျှော်မှန်းရင်း တိုက်ပွဲများတွင် သေဆုံးခဲ့ကြသည်။[12]

၁၃။ အိုင်အက်စ်တို့သည် ဆွန်နီအစ္စလာမ်ဘာသာအား အစွန်းရောက်အမြင်များနှင့် အဓိပ္ပါယ်ဖွင့်ဆိုလက်ခံကျင့်သုံးကြသော ဂျီဟတ်ဝါဒီများဖြစ်ပါသည်။ ၎င်းတို့သည် သူတို့သာလျှင်အစ္စလာမ်ဘာသာကို အစစ်အမှန်သက်ဝင်ယုံကြည်သူများဟု မှတ်ယူကြသည်။ ဤသို့သော အကြောင်းပြချက်များနှင့် အခြားမွတ်စလင်များနှင့် မွတ်စလင်မဟုတ်သူများကိုပါတိုက်ခိုက်နေကြခြင်းဖြစ်သည်။ ခေါင်းဖြတ်သတ်ခြင်း၊ လက်ဝါးကပ်တိုင်တွင် သုတ်သင်ခြင်း၊ အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ခြင်းများနှင့် အစုလိုက်အပြုံလိုက် ပစ်သတ်မှုများသည် ရန်သူကိုကြောက်ရွံ့တုန်လှုပ်အောင် လုပ်သောနည်းလမ်းများဖြစ်ပါသည်။[13]

၁၄။ ISIS သို့မဟုတ် ISIL ဟုလည်း ယခင်ကခေါ်ဝေါ်ခဲ့သော IS အဖွဲ့သည် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ဆီးရီးယားနှင့်အီရတ်တွင် အစုလိုက်အပြုံလိုက်သတ်ဖြတ်ပြခြင်းဖြင့် စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ IS တို့သည် မွတ်စလင်လွှမ်းမိုးသော နိုင်ငံများအတွင်း အကြမ်းဖက်တိုက်ခိုက်ရာတွင် နှိုင်းနှိုင်းချင့်ချင့်လုပ်ကိုင်လေ့ရှိသည်ဟု ဆန်းစစ်လေ့လာသူများကဆိုသည်။ ကျော်ဒန်နိုင်ငံတွင် ပထမဆုံးဖုံးခွဲသည့်အခါ အမေရိကန်-ကျော်ဒန်စစ်အခြေစိုက်စခန်းကို သေချာစွာပစ်မှတ်အဖြစ်ရွေးချယ်ခဲ့သည်။ ဆွန်နီမွတ်စလင်များကြီးစိုးသော ဆော်ဒီအာရေဗျတွင် ၂၀၁၆ခုနှစ်၊ မေလက ISတို့ ဖုံးခွဲတိုက်ခိုက်ရာ၌ ရှီယိုက်ဗလီကိုသာ တိုက်ခိုက်ခြင်းဖြစ်သည်။ IS အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တော်တွင်တိုက်ခိုက်ခဲ့ရာတွင်လည်း အရပ်သားများကိုတိုက်ခိုက်ခြင်းမဟုတ်ဘဲ

---

၁၂။ http://www.phothutaw.com/2014/08/is_30.html

၁၃။ http://www.theburmapost.com/2014/09/is.html

ကမ္ဘာလှည့်ခရီးသွားများကိုသာ တိုက်ခိုက်ခြင်းဖြစ်သည်ဟု IS တို့ကဖြေရှင်းခဲ့သည်။ ယင်းကဲ့သို့အကန့်အသတ်စည်းခြားကာ သတ်ဖြတ်ခြင်းကို အယ်(လ်)ကိုင်းဒါးအဖွဲ့က ပို၍လုပ်လေ့လုပ်ထရှိသည်။ အယ်(လ်)ကိုင်းဒါးအဖွဲ့သည် မွတ်စလင်အရပ်သားများထဲမှ အစုလိုက်အပြုံလိုက် သေကြေစေမည့်စစ်ဆင်ရေးမျိုးမလုပ်ရန် ၎င်း၏တိုက်ခိုက်ရေးသမားများအား မှာကြားထားသည်။[14]

၁၅။ အမှန်စင်စစ်တွင်မူ IS ကဲ့သို့ပင် အယ်(လ်)ကိုင်းဒါး၏ တိုက်ခိုက်မှုကြောင့် မွတ်စလင်အများအပြား သေကြေခဲ့ရသည်သာဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အယ်(လ်)ကိုင်းဒါးနှင့်ISတို့ငြင်းခုန်ခဲ့ကြသည်မှာ အဆုံးမသတ်နိုင်ဘဲရှိခဲ့သည်။ ၂၀၀၅ခုနှစ်တွင်အယ်(လ်)ကိုင်းဒါးနံပါတ်(၂)ခေါင်းဆောင် အေမန်အယ်(လ်)ဇာဝါရီသည် အီရတ်ရှိ အယ်(လ်)ကိုင်းဒါးအဖွဲ့ခွဲခေါင်းဆောင်တစ်ဦးအား ရှီးယိုက်ဘာသာရေးအထွတ်အမြတ်ထားရာ အဆောက်အအုံများတိုက်ခိုက်မှုအတွက်စာရေးပြီး ဝေဖန်ပြစ်တင်ခဲ့သည်။ အယ်(လ်)ကိုင်းဒါးခေါင်းဆောင်ပိုင်းသည် လူထုကၡင်းတို့အား ဆန့်ကျင်လာကြမည်ကို ကြောက်ရွံ့နေကြသည်။ ယင်းစာကိုလက်ခံရရှိသူမှာ အဘူမူဆက်အယ်(လ်)ဇာကာဒီဖြစ်သည်။ သူသည် ရှီးယိုက်များကို ဆက်လက်တိုက်ခိုက်နေခဲ့ရာမှ သူ၏ဂျီဟတ်အဖွဲ့ခွဲသည် နှစ်များစွာကြာသောအခါ ISအဖြစ်ပေါ်ထွန်းလာခဲ့သည်။[15]

၁၆။ IS စစ်သွေးကြွများသည် ၎င်းတို့ဖမ်းဆီးထားသည့် အမျိုးသမီးရာပေါင်းများစွာအား လိင်ကျေးကျွန်များအဖြစ်ရောင်းချနိုင်ရေးအတွက် အွန်လိုင်းပေါ်တင်ခဲ့ကြောင်းသိရသည်။ IS စစ်သွေးကြွတစ်ဦးဖြစ်သူ Abu Assad Almani သည် အမျိုးသမီး

၁၄။ The Politics No.115,15 Juiy 2016,page-21 သက်ဝင်းမြင့် Ref; Appealing to Its Base, ISIS Tempers Its Violence in Muslim Countries By Rukmini Callimachi

၁၅။The Politics No.115,15 Juiy 2016,page-21 သက်ဝင်းမြင့် Ref; Appealing to Its Base, ISIS Tempers Its Violence in Muslim Countries By Rukmini Callimachi

နှစ်ဦး၏ပုံအား facebook စာမျက်နှာထက်၌ လိင်ကျေးကျွန် အဖြစ်ရောင်းချမည် ဖြစ်ကြောင်းရေးသားခဲ့သည်။ Abu Assad Almani သည် ဂျာမနီလူမျိုးတစ်ဦးဖြစ်ပြီး ဆီးရီးယားနိုင်ငံတွင် IS စစ်သွေးကြွများအတွက် တိုက်ခိုက်ပေးနေသူတစ်ဦးဖြစ်သည်။ လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က IS စစ်သွေးကြွများသည် Izadi မြို့မှ မိန်းကလေး (၁၈၀၀)ကျော်ကို ထိန်းသိမ်းထားကြောင်း ပြောကြားခဲ့သည်။ [16]

၁၇။ ဆီးရီးယားနိုင်ငံ၊ အလက်ပိုဒေသ၊ Qabaseen မြို့နယ်တွင်ရှိသော ကျေးရွာပေါင်း၁၅ ရွာမှ လူပေါင်း (၉၀၀)ကျော်အား IS စစ်သွေးကြွများက ပြန်ပေးဆွဲခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။ တူရကီနယ်စပ်အနီးရှိ အခြားမြို့များဖြစ်သော al-Rai နှင့်Manbij မြို့များတွင်လည်း IS စစ်သွေးကြွများက ဝင်ရောက်တိုက်ခိုက်မှုများရှိပြီး ဖမ်းဆီးထားသူများအား ကတုတ်ကျင်းများတူးခိုင်းခြင်း၊ လူသားဒိုင်းများပြုလုပ်ခိုင်းခြင်းတို့လည်းရှိကြောင်းသိရသည်။ ထို့အပြင် ဆီးရီးယားလူအခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က IS စစ်သွေးကြွများသည် အပြစ်မဲ့ပြည်သူများအား ၎င်းတို့လက်မှထွက်ပြေးရန် ကြိုးစားကြသောကြောင့် သတ်ဖြတ်မှုများလည်းပြုလုပ်ခဲ့ကြကြောင်း ပြောကြားသည်၊၊ ဆီးရီးယားနိုင်ငံနှင့် အီရတ်နိုင်ငံတို့တွင် IS များအားထိုးစစ်ဆင်လာခဲ့ပြီး ဆီးရီးယားတွင် Raqqah မြို့၊ အီရတ်တွင် Mosul မြို့များအား အစိုးရတပ်များက ပြန်လည် တိုက်ခိုက်သိမ်းပိုက်နိုင်ခြင်းသည် IS များအတွက် အထိနာစေသောထိုးနှက်ချက်များဖြစ်ကြောင်းလည်းသိရသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ဆီးရီးယားနိုင်ငံရှိလူဦးရေငါးသန်းခန့်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ လိုအပ်နေကြောင်း ကြေညာချက်ထုတ်ပြန်ထားပြီး အရေးပေါ်အခြေအနေပူးပေါင်းဆောင်ရွက်

၁၆။ The Politics No.109,3 June 2016,page-12, source: presstv

ကူညီပေးသူတစ်ဦးဖြစ်သူက ဆီးရီးယားတွင်လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ လိုအပ်နေသူ(၉)သိန်းကျော်ပိုမိုတိုးတက်လာကြောင်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီသို့ တင်ပြထားကြောင်းလည်းသိရသည်။[17]

၁၈။ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ရက်တွင် တူရကီနိုင်ငံ၊ အစ္စတန်ဘူလ်မြို့ရှိ အာတာတပ် လေဆိပ်တွင်ဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုနှင့် အသေခံဗုံးပေါက်ကွဲမှုများ ကျူးလွန်ခဲ့သူ သုံးဦးသည် ရုရှား၊ ဥဘက်ကစ္စတန်နှင့် ကာဂျစ္စတန်နိုင်ငံတို့မှဖြစ်ကြောင်း တူရကီအစိုးရ တာဝန်ရှိသူတစ်ဦးက ၂၀၁၆ခုနှစ်၊ ဇွန်လ ၃၀ ရက် နေ့ကထုတ်ဖော်ပြောကြားခဲ့သည်။ ဥရောပ၏တတိယအကြီးဆုံးသော လေဆိပ်တွင်ဖြစ်ပွားခဲ့သည့် အဆိုပါအကြမ်းဖက်မှုတွင် အကြမ်းဖက်သမား ၃ ဦးအပါအဝင် လူပေါင်း ၄၅ ဦးသေဆုံးခဲ့ပြီး ၂၃၉ ဦး ထိခိုက် ဒဏ်ရာများရရှိခဲ့သည်။ ယင်းအကြမ်းဖက်မှုသည် တူရကီနိုင်ငံ၏၂၀၁၆ခုနှစ်အတွက် သေဆုံးမှုအရေအတွက်အများပြားဆုံးသော အကြမ်းဖက်မှုလည်းဖြစ်သည်။ ဗုံးဖောက်ခွဲ သူများနှင့်ပတ်သက်ပြီး ၎င်းတို့သည် မည်သည့်နိုင်ငံသားများဖြစ်သည်ကလွဲပြီး အခြား မည်သည့်အချက်ကိုမျှ တာဝန်ရှိသူများက ပြောကြားခြင်းမရှိခဲ့ပါ။ အဆိုပါအကြမ်းဖက်မှုနှင့် ပတ်သက်၍ နိုင်ငံခြားသားများအပါအဝင် သံသယရှိသူ ၁၃ ဦးကို တူရကီရဲအရာရှိများက ဖမ်းဆီးထားသည်။ ယင်းလေဆိပ်တိုက်ခိုက်မှုတွင် IS စစ်သွေးကြွများက ကြိုးကိုင် လှုပ်ရှားခဲ့ခြင်းဖြစ်သည်ဟု တူရကီအာဏာပိုင်များက ယုံကြည်ကြသည်။ [18]

**အကြမ်းဖက်မှုအပေါ်တွင်ချမှတ်ထားသောအစိုးရများ၏မူဝါဒများ၊ သဘောထားများ**

၁၉။ အမေရိကန်နိုင်ငံနှင့် မဟာမိတ်များသည် အကြမ်းဖက်သမားများကိုတိုက်ခိုက် ရာတွင် အလျှော့ပေးမည်မဟုတ်ကြောင်းပြောကြားထားပါသည်။ အကြမ်းဖက်သမား

---

၁၇။ The Po litics No.113,1 July 2016,page-25, source: presstv

၁၈။ စာမျက်နှာ-၄ ၊ ဇူလိုင် ၁ ရက်၊ ၂၀၁၆ခုနှစ်၊ ရိုက်တာ ၊ကြေးမုံသတင်းစာ

များကိုချေမှုန်းရန်အတွက် မည့်သူ့ကိုမှစိုးရိမ်စရာမရှိကြောင်းနှင့် အိုင်အက်စ်အဖွဲ့သည် လူသတ်အဖွဲ့အစည်းတစ်ခုသာဖြစ်သည်ဟုလည်း ပြောကြားခဲ့ပါသည်။ အတွေးအခေါ် လွဲမှားနေကြသော အစွန်းရောက်အကြမ်းဖက်သမားများကိုတိုက်ခိုက်ရာ၌ အမေရိကန် နိုင်ငံအနေဖြင့် ဆက်လက်ဦးဆောင်သွားမည်ဖြစ်ကြောင်းကို ကွာလာလမ်ပူတွင် ကျင်းပ ခဲ့သောအာဆီယံထိပ်သီးဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားသွားခဲ့သည်၊ ပဲရစ်မြို့ အကြမ်းဖက်တိုက်ခိုက်ခဲ့မှုသည်လည်း လက်ခံနိုင်ဖွယ်မရှိကြောင်းနှင့် အိုင်အက်စ်အဖွဲ့ များ၏အခြေစိုက်စခန်းများကို အဓိကပစ်မှတ်ထားတိုက်ခိုက်ကြရန် အမေရိကန်က ရုရှနိုင်ငံကိုလည်းတိုက်တွန်းခဲ့ပါသည်။ [19]

၂၀။ အိုင်အက်စ် စစ်သွေးကြွခေါင်းဆောင် ၄ဦးနှင့်ပတ်သက်၍ သတင်းပေးနိုင်ပါက စုစုပေါင်းဒေါ်လာသန်း၂၀ ဆုကြေးငွေပေးမည်ဟု အမေရိကန်အစိုးရကထုတ်ပြန်ခဲ့ပါ သည်။ ထိုလေးဦးမှာ Abdul Rahman Mustafa al- Qaduli၊ Abu Mohammed al- Adnani ၊Tarkhan Tayumurazovich Batirashvili နှင့်Tariq bin al- Tahar bin al- Falih al- Awni al- Harzi တို့ဖြစ်ကြသည်။ [20]

၂၁။ အိုင်အက်စ်အဖွဲ့သည် အမှန်တကယ်အလေးထားဂရုပြုစရာ ခြိမ်းခြောက်မှုကြီး ဖြစ်ပြီး ၎င်းတို့အားရပ်တန့်တားဆီးရန်လည်းလိုပါသည်။ အီရတ်နိုင်ငံတွင် အမေရိကန် ပြည်ထောင်စုမှ ကာဒတ်စ်တပ်ဖွဲ့များ၊ အီရတ်တပ်ဖွဲ့များနှင့်ပေါင်း၍ လေကြောင်းမှ တိုက်ခိုက်သကဲ့သို့ ဆီးရီးယားတွင် အိုင်အက်စ်အဖွဲ့များကို တိုက်ခိုက်ရန်လည်းစဉ်းစား နေကြပါသည်။ သို့သော် နယူးယောက်အခြေစိုက် အရှေ့အလယ်ပိုင်းကျွမ်းကျင်သူ အမ်ဟူစိန်က စစ်အင်အားသုံးခြင်းသည် ရေရှည်ဖြေရှင်းနည်းမဟုတ်ဘဲ အိုင်အက်စ်

၁၉။ http://www.thithtoolwin.com/2015/11/blog-post_123.html
၂၀။ http://www.themeltingpot4u.com/2015/05/blog-post_425.html

အဖွဲ့၏တပ်သားသစ်စည်းရုံးထောက်ပံ့နေသည့်လိုင်းများကိုသာ ဖြတ်တောက်ခြင်းက ပိုအရေးကြီးသည်ဟုဆိုပါသည်။ အိုင်အက်စ်အဖွဲ့သည် ကမ္ဘာတစ်ဝှမ်းရှိ ဘဝမျှော်လင့်ချက်နည်းပါးသည့် အသက်(၁၈)နှစ် မှ (၂၅)နှစ်အတွင်း လူငယ်များကိုရှာဖွေနေသည်ဟုဆိုပါသည်။ ကမ္ဘာပေါ်က မတရားမှုများကိုလူငယ်များအားထောက်ပြကာ အိုင်အက်စ်အဖွဲ့ကိုဝင်ပြီး ကမ္ဘာပေါ်ကမတရားမှုများကို တိုက်ခိုက်ရန်စည်းရုံးသည်။ ၎င်းတို့၏ပစ်မှတ်သည် အနောက်နိုင်ငံမွတ်စလင်နိုင်ငံများမှအကျင့်ပျက်သည်ဟု ၎င်းတို့ယူဆသောအစိုးရများဖြစ်သည်။ အချို့ပညာရှင်များက အိုင်အက်စ်အဖွဲ့ကိုချေမှုန်းရန် အခြားနည်းလမ်းများကိုလည်းထောက်ပြပါသည်။[21]

၂၂။ အင်္ဂလန်နိုင်ငံမှ နိုင်ငံရေးအကြံပေးမက်ဒီဟာန်ဆန်က တချို့လူများက အိုင်အက်စ်အဖွဲ့ကိုဝင်ရန်စိတ်အားထက်သန်ရခြင်းမှာ အိုင်အက်စ်အဖွဲ့သည် ဘာသာရေးအမည်ခံထားသော်လည်း အမှန်တကယ် ဘာသာရေးအခြေခံအဖွဲ့အစည်း မဟုတ်သောကြောင့်ဖြစ်သည်။ ကမ္ဘာပေါ်ရှိလူငယ်များ၏ပြဿနာကို မိဘအသိုင်းအဝိုင်းက လက်ခံနားထောင်မပေးကြ၊ လောကကြီး တရားမမျှတမှုများကိုဖြေရှင်းရန် လူငယ်များကိုကူညီလမ်းပြခြင်းမရှိကြဟုဆိုသည်။ ထို့ကြောင့်လူငယ်များအတွက် အိုင်အက်စ်အဖွဲ့သည် ကယ်တင်ရှင်လိုဖြစ်လာသည်။ ထို့ကြောင့်လူငယ်များ၏ပြဿနာများကို ဖြေရှင်းကူညီမှုကသာလျှင် အိုင်အက်စ်အဖွဲ့၏လူငယ်များအား စည်းရုံးမှုများကိုတားဆီးနိုင်မည်ဟုသူကဆိုသည်။ ယခုအခါ ကမ္ဘာပေါ်ရှိလူငယ်များကို သေဆုံးမှုနှင့်ဘဝကိုဖျက်ဆီးမည့်လမ်းကြောင်းကိုခေါင်းထဲထည့်ပေးရန်အတွက် အိုင်အက်စ်အဖွဲ့နှင့်အစွန်းရောက်အဖွဲ့များကလူငယ်များကိုဖြားယောင်းရန် ကြိုးပမ်းလျက်ရှိပါသည်။ ထို့ကြောင့် ကမ္ဘာကြီးပေါ်ကမတရားမှုများကိုတိုက်ဖျက်ပေးမည်မှာ အိုင်အက်စ်အဖွဲ့မဟုတ်ဘဲ မိသားစုဝန်းကျင်

---

၂၁။ http://www.phothutaw.com/2014/08/is_30.html

အသိုင်းအဝန်းသာဖြစ်ကြောင်း လူငယ်အများစုဆီသို့ သတင်းစကားပါးနိုင်ရန်မှာအရေးကြီးလှပါသည်။ [22]

၂၃။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်တွင် အိုင်အက်စ်တို့အကြမ်းဖက်တိုက်ခိုက်ခံခဲ့ပြီးနောက်ပိုင်း ပြင်သစ်သမ္မတဟော်လန်ဒီသည် ၂၀၁၅ ခုနှစ်နောက်ပိုင်း ပြင်သစ်နိုင်ငံ၏ပထမဆုံး အရေးပေါ်အခြေအနေကိုကြေညာခဲ့သည်။ ပြင်သစ်နိုင်ငံနယ်စပ်များအား ထိန်းချုပ်မှုများပြုလုပ်ကာ ပါရီမြို့တွင် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဆုံးသောညမထွက်ရ အမိန့်ကိုထုတ်ပြန်ခဲ့သည်။ [23]

၂၄။ လစ်ဗျားနိုင်ငံအလယ်ပိုင်းတွင်လည်း အိုင်အက်စ်တို့ကြီးစိုးလာမှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နှင့်ဗြိတိန်တို့သည် ကွန်မန်ဒိုများ၊ သူလျှိုများစေလွှတ်ထောက်လှမ်းစုံစမ်းမှုများ ပြုလုပ်လျက်ရှိသည်။ အိုင်အက်စ်တို့အနေဖြင့် လစ်ဗျားတွင် နောက်ထပ်အခိုင်အမာခြေကုပ်နေရာတစ်ခု ထပ်မံရယူလာနိုင်မည့်အရေးသည် စိုးရိမ်စရာ အဆင့်ထိရှိလာခဲ့သည်။ အိုင်အက်စ်တပ်များသည် လစ်ဗျားအာဏာရှင်ဟောင်း မွမ်မာကဒါဖီ၏မွေးရပ်ဖြစ်သော ဆာတီဆိပ်ကမ်းမြို့အနီးတွင် အဓိကခြေကုပ်ယူရန် ကြိုးစားနေပြီးမိုင်ပေါင်း ၁၅၀မျှ ရှည်လျားသည့် ကမ်းခြေနေရာကို ထိန်းချုပ်ထားပြီးဖြစ်ကြောင်းသိရှိရသည်။ [24]

၂၅။ ဂျာမနီနိုင်ငံက အိုင်အက်စ်အကြမ်းဖက်တပ်ဖွဲ့ကို ဆန့်ကျင်တိုက်ခိုက်ရန် အပါအဝင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့တာဝန်များအားလုပ်ဆောင်ရန်အတွက် မာလီသို့တပ်ဖွဲ့ဝင် ၆၅၀ စေလွှတ်သွားမည်ဖြစ်ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီး Ursula von der Leyen ကပြောကြားခဲ့သည်။ ဝန်ကြီး၏ကြေညာချက်သည် အနည်းဆုံး

---

၂၂။ http://www.phothutaw.com/2014/08/is_30.html

၂၃။ No. 397. December, 2015 မောင်သာ(ရှေးဟောင်းသုတေသန)၊ သုတစွယ်စုံ၊သုတစွယ်စုံစာအုပ်တိုက် ၊စာ-၁၄၂

၂၄။http://myanmartharkaung.blogspot.com/2015/12/blog-post_68.html

လူပေါင်း ၁၃၈ ဦးသေဆုံးခဲ့သည့် ပဲရစ်အကြမ်းဖက်မှုနှင့် မာလီနိုင်ငံမြို့တော် ဘာမာကိုရှိ ဟိုတယ်တစ်ခုအား ဝင်ရောက်ပစ်ခတ်မှုကြောင့် လူ ၁၉ ဦးသေဆုံးခဲ့သည့်ဖြစ်ရပ်များ အပြီးတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ von der Leyen က ဂျာမန်တပ်ဖွဲ့ဝင်များသည် မာလီရှိ ပြင်သစ်ခေါင်းဆောင်သည့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့တွင် အထူးသဖြင့် ပို့ဆောင်ထောက်ပံ့ခြင်းနှင့်ကင်းထောက်စုံစမ်းခြင်း ကိစ္စရပ်များအား ကူညီပေးသွားမည် ဖြစ်ကြောင်းသိရသည်။ တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းအား အတည်ပြုနိုင်ရန်အတွက် မကြာမီ လွှတ်တော်သို့ အဆိုတင်သွင်းသွားမည်ဖြစ်ကြောင်းသိရသည်။ ပဲရစ်အကြမ်းဖက် တိုက်ခိုက်ခံရမှုကြောင့် ပြင်သစ်သည် ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်နှိမ်နင်းရေး ရှေ့တန်း စစ်မျက်နှာသို့ ဝင်ရောက်လာခဲ့ကြောင်းသိရသည်။ တစ်ချိန်က ပြင်သစ်လက်အောက်ခံ ဖြစ်ခဲ့သောမာလီတွင် ပြင်သစ်တပ်ဖွဲ့ဝင်ထောင်ကျော်ရှိပြီး ဘာမာကို၌ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုသည် အနောက်အာဖရိက နိုင်ငံအားရင်း၏နယ်မြေနယ်နိမိတ် အတွင်း အကြမ်းဖက်စစ်သွေးကြွများရန်မှကာကွယ်ရန် မတတ်နိုင်သေးသည်ကို မီးမောင်းထိုးပြသခဲ့ကြောင်းသိရသည်။[25]

၂၆။ အိုင်အက်စ်နှင့်၎င်းတို့၏ မဟာမိတ်များထိန်းချုပ်ထားသော နယ်မြေများသည် အီရတ်နှင့်ဆီးရီးယားနိုင်ငံများအပါအဝင် စတုရန်းမိုင်ပေါင်း ၁၅၀၀၀ ခန့် ရှိသည်ဟုခန့်မှန်း ကြပါသည်။ အချို့ကလည်း စတုရန်းမိုင်ပေါင်း ၃၅၀၀၀ ခန့် ရှိသည်ဟုခန့်မှန်းကြပါ သည်။ အိုင်အက်စ်အဖွဲ့ ထိန်းချုပ်ထားသောနယ်မြေများထဲတွင် အီရတ်မှမိုဆူးလ်၊ တီကရစ်၊ ဖါလူဂျာ၊ တယ်လ်အာဖါမြို့များနှင့် ဆီးရီးယားနိုင်ငံမှ ရေနံတွင်းများ၊ ဆည်ကြီးများ၊ အဓိကလမ်းမကြီးများနှင့်နယ်စပ်ဖြတ်စခန်းများရှိသော Raqqa ရက္ကာမြို့ တို့ပါဝင် ပါသည်။ အိုင်အက်စ်တို့၏ အပြည့်အဝ၊ သို့မဟုတ် တစ်စိတ်တစ်ပိုင်းထိန်းချုပ်မှု

၂၅။ http://www.thithtoolwin.com/2015/11/is_26.html

အောက်ရောက်နေသောလူဦးရေမှာ ၈သန်းခန့်ရှိသည်ဟု ခန့်မှန်းထားပါသည်။ ထိုနယ်မြေများတွင် အိုင်အက်စ်တို့သည် တင်းကြပ်သောရှရီယာဥပဒေကို ပြဋ္ဌာန်းအုပ်ချုပ်ပြီး အမျိုးသမီးများကို အတင်းအကျပ်ခေါင်းမြီးခြုံခိုင်းခြင်း၊ မွတ်ဆလင်မဟုတ်သူများအား အထူးအခွန်ဆောင်ခိုင်းခြင်းများ သို့မဟုတ် အတင်းအဓမ္မ ဘာသာပြောင်းခိုင်းခြင်းများနှင့်ကြိမ်ဒဏ်၊ သေဒဏ်များအပြစ်ပေးခြင်းများ ပြုလုပ်လျှက်ရှိကြပါသည်။ အိုင်အက်စ်အဖွဲ့တွင် အမှန်တကယ်တိုက်ခိုက်နေသူပေါင်း ၁၅၀၀၀ခန့်ရှိမည်ဟု အမေရိကန်တို့က ယူဆကြပါသည်။ အီရတ်ကျွမ်းကျင်သူ Hisham al- Hashimi က ၃၀၀၀၀ မှ ၅၀၀၀၀ခန့်အထိရှိသည်ဟု ခန့်မှန်းထားပါသည်။ ထိုအထဲတွင် ၃၀ ရာခိုင်နှုန်းခန့်သာ အတင်းအဓမ္မဝင်ခိုင်း၍ ရောက်လာကြသူများဖြစ်သည်ဟုဆိုပါသည်။[26]

၂၇။ အိုင်အက်စ် တိုက်ခိုက်ရေးသမားအများစုသည် အီရတ်နှင့်ဆီးရီးယား နိုင်ငံသားများမဟုတ်ကြပါ။ နိုင်ငံပေါင်း ၈၁ နိုင်ငံထက်မနည်းတို့မှ နိုင်ငံခြားသားများ ၁၂၀၀၀ ကျော်ပါဝင်တိုက်ခိုက်နေကြပြီး ထိုအထဲတွင် ၂၅၀၀ သည် လွန်ခဲ့သော ၃နှစ်အတွင်း ဆီးရီးယားကို လာရောက်တိုက်ခိုက်နေကြသော အနောက်နိုင်ငံသားများဖြစ်သည်ဟု စောင့်ကြည့်လေ့လာရေးအဖွဲ့ Soufan Groupက ခန့်မှန်းထားပါသည်။ အိုင်အက်စ် တိုက်ခိုက်ရေးသမားများသည် ထရပ်ကားပေါ်တွင် တင်ပစ်၍ရသောစက်သေနတ်များ၊ ရော့ကက်လောင်ချာများ၊ လေယာဉ်ပစ်သေနတ်များ၊ အလွယ်တကူသယ်ယူပစ်ခတ်နိုင်သော မြေပြင်မှဝေဟင်ပစ်ဒုံးလက်နက်များအပါအဝင် လက်နက်ကြီးလက်နက်ငယ်မျိုးစုံကို ရရှိနေကြပြီး ကိုင်တွယ်အသုံးပြုနိုင်စွမ်းလည်းရှိကြပါသည်။ အိုင်အက်စ်တို့သည် အီရတ်နှင့်ဆီးရီးယား စစ်တပ်မှတင့်ကားများ၊ သံချပ်ကာယာဉ်များကိုလည်း သိမ်းဆည်းရမိထားပြီး ငွေသားနှင့်အခြားပိုင်ဆိုင်မှုအားဖြင့် အမေရိကန်ဒေါ်လာသန်း၂၀၀၀ခန့်

၂၆။http://www.theburmapost.com/2014/09/is.html

ရှိသည်ဆိုသောကြောင့် ကမ္ဘာတွင် အချမ်းသာဆုံးစစ်သွေးကြွအုပ်စုဟု ပြောဆိုနိုင်ကြောင်းဖော်ပြထားကာ အစောပိုင်းတွင် ငွေကြေးထောက်ပံ့မှုအများစုကို အာရပ်ပင်လယ်ကွေ့နိုင်ငံများတွင်ရှိသော ပုဂ္ဂိုလ်တစ်ဦးချင်းစီမှရရှိသော်လည်း ယခုအခါ၎င်းတို့ကိုယ်တိုင်ငွေကြေးရှာဖွေထောက်ပံ့နိုင်သော အဖွဲ့အစည်းဖြစ်လာခဲ့ပါသည်။ အိုင်အက်စ်တို့သည် ၎င်းတို့ထိန်းချုပ်ထားရာဒေသများရှိ ရေနံနှင့်ဓါတ်ငွေ့များမှ တစ်လလျှင် ဒေါ်လာသန်းပေါင်းများစွာရရှိနေသကဲ့သို့ အခွန်အကောက်များ၊ မှောင်ခိုအရောင်းအဝယ်နှင့်ငွေညစ်မှု၊ ပြန်ပေးဆွဲမှုများမှလည်း ဝင်ငွေများရရှိပါသည်။ အီရတ်တိုက်ခိုက်မှုများအတွင်း သိမ်းပိုက်ခဲ့သောမြို့ကြီးမြို့ငယ်များတွင်ရှိသော ဘဏ်များမှလည်း ငွေကြေးအမြောက်အမြားရရှိထားခဲ့ပါသည်။ [27]

၂၈။ အိုင်အက်စ်တို့က အရှေ့တောင်အာရှဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့တွင်လည်း လူသစ်များစုဆောင်းခြင်းနှင့် ဝါဒဖြန့်စည်းရုံးမှုများပြုလုပ်နေကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း အိုင်အက်စ်အဖွဲ့နှင့်ဆက်နွယ်မှုရှိသော အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ အိုင်အက်စ်စစ်သွေးကြွအဖွဲ့က အစိုးရထံပေးပို့ခဲ့သည်စာတွင်လည်း မလေးရှားဝန်ကြီးချုပ်အပါအဝင် အစိုးရအဖွဲ့ထိပ်တန်းအရာရှိအချို့ကို အိုင်အက်စ်တို့ကတိုက်ခိုက်မည်ဟု ရေးသားထားသည်။ ၂၀၁၆ခုနှစ်၊ မေလအတွင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက အိုင်အက်စ်တို့သိမ်းပိုက်ထားသည့် အီရတ်နယ်မြေ ၄၅ ရာခိုင်နှုန်းနှင့် ဆီးရီးယားက ၁၀ရာခိုင်နှုန်း ဆုံးရှုံးလက်လွှတ်လိုက်ရပြီဖြစ်ကြောင်း ကြေညာချက်ထုတ်ထားသည်။ အိုင်အက်စ်တို့သည် အရှေ့အလယ်ပိုင်းဒေသတွင် နယ်မြေများဆုံးရှုံးရသည့်အတွက် အရှေ့တောင်အာရှသို့ နယ်မြေချဲ့ထွင်လာနိုင်ကြောင်း စင်ကာပူအမျိုးသားနိုင်ငံရေး

---

၂၇။ http://www.theburmapost.com/2014/09/is.html

တက္ကသိုလ်မှပညာရှင်ဘီလ်ဘီယာဆင်းက ဟောကိန်းထုတ်ထားသကဲ့သို့ အိုင်အက်စ်တို့၏ အန္တရာယ်သည် အရှေ့တောင်အာရှတွင်ကြီးထွားလာလျက်ရှိကြောင်း အစွန်းရောက်သမားများ ဖမ်းဆီးထိန်းသိမ်းရေးတော်ဝင်မလေးရှားရဲဌာနအကြံပေးဖြစ်သူ မိုဟာမက်ဒီကလည်းပြောကြားသည်။ ထို့ကြောင့် အရှေ့တောင်အာရှအာဆီယံဒေသ၏ဒေသတွင်းလုံခြုံရေးကိုခြိမ်းခြောက်ရန်ခြေဦးလှည့်လာသည့် အိုင်အက်စ်တို့၏အန္တရာယ်ကို သတိပြုကာကွယ်သွားကြရမည်ဖြစ်သည်။[28]

၂၉။ အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုအမျိုးအစားအားလုံးသည် အပြစ်မဲ့ပြည်သူအမြောက်အမြားအစုလိုက်အပြုံလိုက် သေဆုံးစေပြီး အရပ်သားစားစာခံထောင်ပေါင်းရာပေါင်းများစွာအထိသေကျေပျက်စီးရသည်။ ကမ္ဘာတစ်လွှား၌ ဖြစ်ပျက်ခဲ့သောအကြမ်းဖက်တိုက်ခိုက်မှုများကို ကမ္ဘာ့တစ်နံတစ်လျားရှိသတင်းစာများ၊ ရုပ်မြင်သံကြားများ၊ အင်တာနက်သတင်းများနှင့်အခြားမီဒီယာအသွင်သဏ္ဌာန်အမျိုးမျိုးတွင် အထူးအလေးပေးဖော်ပြခဲ့ကြသည်။[29]

## မြန်မာနိုင်ငံနှင့်လတ်တလောအကြမ်းဖက်ဖြစ်စဉ်များ

၃၀။ ကိုလိုနီခေတ်တွင် ဘင်္ဂါလီများသည် ရခိုင်ပြည်နယ်တွင် စပါးရိတ်၊ လယ်ထွန်အလုပ်များလာရောက်လုပ်ကိုင်ခဲ့ကြသည်။ ရခိုင်ပြည်နယ်တွင် ဘင်္ဂလီလူမျိုးလယ်ကူလီများအခြေချနေထိုင်လာကြသည်မှာ အထင်အရှားရှိ၍ ငြင်းမရသောအချက်ဖြစ်ပါသည်။ ဘင်္ဂလားနယ်မှလယ်ကူလီများသည် အလုပ်အကိုင်အဆင်ပြေသော ရခိုင်ပြည်နယ်တွင် အခြေချနေထိုင်ခွင့်ရလာသောအခါ အစဉ်အဆက်နေထိုင်လာခဲ့ကြသည်။ မြို့ရွာအနှံ့ဖြန့်ကျက်ကာ ကျပန်းအလုပ်များဖြင့် ရခိုင်လူမျိုးများအကြား အေးချမ်းစွာနေထိုင်လာခဲ့ကြသည်။ မွတ်ဆလင်လူဦးရေများပြားလာသည်နှင့်အတူ ရခိုင်ပြည်နယ်မှပညာတတ်

---

၂၈။ တနင်္လာ၊ ၁၀၇၂၊ ဩဂုတ်လ ၈ရက်မှ ၁၄ရက် ၊ ၂၀၁၆ ခုနှစ်၊နိုင်ငံတကာ သတင်းဂျာနယ် ၊စာ-၁၇

၂၉။ No.397. December, 2015 ၊ဝင်းနိုင်စိုး၊ သုတစွယ်စုံ၊ သုတစွယ်စုံစာအုပ်တိုက်၊ စာ-၁၆၆

မွတ်ဆလင်လူတစ်စုတို့၏ ကိုယ်ပိုင်လူမျိုး အတွေးအခေါ်များဖွံ့ဖြိုးလာခဲ့ကြပါသည်။ မွတ်ဆလင်ကမ္ဘာမှ အထောက်အပံ့တို့ဖြင့် စီးပွားရေးဖွံ့ဖြိုးလာသော ဘင်္ဂါလီတို့သည် စီးပွားရေးပြေလည်မှုများမှ တစ်ဆင့်ဘာသာရေး၊ လူမှုရေးနယ်ပယ်များသို့တိုင် ထိုးဖောက်လာနိုင်ခဲ့ကြကြောင်းတွေ့ရှိရပါသည်။[30]

၃၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဒေသခံတိုင်းရင်းသားတို့အပေါ် အစွန်းရောက်အကြမ်းဖက်ဘင်္ဂါလီတို့၏တိုက်ခိုက်မှုများမှာ ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၂-၄၃ ခုနှစ်များအတွင်းကပင် စတင်ခဲ့ခြင်းဖြစ်ပြီး လွတ်လပ်ရေးရပြီးခါစကာလ ၁၉၄၈ ခုနှစ်အတွင်း မူဂျာဟစ်သူပုန်များအဖြစ် ပုန်ကန်ထကြွခဲ့ရာတွင် တိုင်းရင်းသားတို့၏ကျေးရွာအမြောက်အများနှင့် ၎င်းတို့လုပ်ကိုင်စားသောက်ကြသည့် လယ်ယာမြေဧကပေါင်းမြောက်များစွာတို့မှာ ဘင်္ဂါလီတို့၏လက်တွင်းသို့ ကျရောက်သွားခဲ့ရသည်။ ယင်းနောက်ပိုင်းတွင် နိုင်ငံတော်၌ အရေးပေါ်အချိန်ကာလများသို့ကျရောက်သည့် အခါတိုင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင် အပြောင်းအလဲကာလများဖြစ်ပေါ်သည့်အခါတိုင်း အခြေအနေပေးလျှင်ပေးသလို တစ်နည်းနည်းနှင့်ထကြွဆူပူသောင်းကျန်းကြကာ ၎င်းတို့အတွက် အမြတ်အစွန်းတစ်ခုခုကို ရယူခဲ့ကြသည်ဖြစ်သည်။[31]

၃၂။ အရှေ့အလယ်ပိုင်းဒေသတွင်း ဩဇာကြီးမားသည့်နိုင်ငံတစ်ခုတွင် အခြေစိုက်ဖွဲ့စည်းထားကာ ဟာရာကာအယ်လ်-ယာကင်ဟူသော အမည်ကိုခံယူထားသည့်အဖွဲ့အစည်းက နောက်ခံပြုလျက် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ARSA ဟူသောအမည်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်လာခြင်း၏ရည်မှန်းချက်မှာ နိုင်ငံတကာတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသကိုပိုမိုအာရုံစိုက်လာစေရေး၊ မြန်မာနိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့

---

၃၀။http://www.thithtoolwin.com/2012/10/blog-post_5788.html

၃၁။ ဩဂုတ်လ ၂၈ရက်၊ ၂၀၁၇ ခုနှစ်၊ အတွဲ (၅၆)၊ အမှတ် (၃၂၉)၊ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ-၂

အပေါ် နိုင်ငံတကာမှဖိအားများပိုမိုကျရောက်လာစေရေး၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အုပ်စုတို့၏ ဩဇာများလွှမ်းမိုးစေကာ ၎င်းတို့၏ အခြေခံစခန်းများ တည်ဆောက်နိုင်ရေးနှင့်လူနည်းစုမျှသာရှိနေသော တိုင်းရင်းသား အုပ်စုငယ်များကို ဒေသတွင်းမှအပြီးတိုင်ရှင်းလင်းရေးတို့အတွက် ရည်ရွယ်လုပ်ဆောင် နေခြင်းဖြစ်ကြောင်း ရှင်းလင်းစွာတွေ့မြင်နေရပြီဖြစ်သည်။[32]

၃၃။ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက ရခိုင်ဒေသခံတိုင်းရင်းသား လူနည်းစုနေထိုင်ရာကျေးရွာငယ်များကို တုတ်၊ ဓါး၊ သေနတ်စသောလက်နက်များ ကိုင်ဆောင်ကာ လူအုပ်စုအင်အားဖြင့်ဝိုင်းဝန်းပိတ်ဆို့ခြင်း၊ ထိုးခုတ်ရိုက်နှက်သတ်ဖြတ် ခြင်း၊ ကျေးရွာများမှနေအိမ်များ၊ ဈေးဆိုင်များနှင့်ဘုန်းတော်ကြီးကျောင်းတို့ကိုမီးရှို့ခြင်း၊ မိုင်းခွဲခြင်း၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကင်းစခန်းများကို တိုက်ခိုက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ ယင်းသို့တိုက်ခိုက်ရာတွင် တိုက်ခိုက်မှုများ စတင်သည့်နေ့ရက်ကိုရွေးချယ်ခြင်း၊ တိုက်ခိုက်ပုံနည်းလမ်းကိုသတ်မှတ်ခြင်း၊ မီဒီယာ နည်းလမ်းများကိုအသုံးပြုခြင်း စသည့်နည်းဗျူဟာများကိုအသုံးပြုကာ တိုက်ခိုက်မှု များမဖြစ်မနေ အဆုံးသတ်ပြီးသည့်အချိန်တွင် တစ်စုံတစ်ရာသော အကျိုးအမြတ် ကျန်ရစ်ပြီး ဆယ်စုနှစ်များစွာကြာအောင် စောင့်ဆိုင်းဆင်နွှဲဦးမည့် အကြမ်းဖက်စစ်ပွဲ အတွက် အခြေခံများချထားပေးနိုင်ခဲ့သည့် ရည်မှန်းချက်များရှိထားသည်ကို တွေ့ရ မည်ဖြစ်သည်။ တုတ်၊ ဓား၊ လှံ၊ မိုန်းနှင့်ရရာလက်နက်များစွဲကိုင်ထားသည့် လူအုပ်စု နှင့် ကလေးငယ်များကို ရှေ့မှတင်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခိုင်းခြင်း၊ ၎င်းတို့၏နေအိမ်များ၊ ဈေးဆိုင်များ၊ ဘာသာရေးအဆောက်အအုံများကိုပါ ၎င်းတို့ ကိုယ်တိုင် မီးရှို့ခြင်းတို့ကိုဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာမှခေါင်းဆောင်များ၊

၃၂။ ဩဂုတ်လ ၂၈ရက်၊ ၂၀၁၇ ခုနှစ်၊ အတွဲ (၅၆)၊ အမှတ် (၃၂၉)၊ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ-၂

နိုင်ငံရေးသမားများ၊ နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်အကျော်အမော်များ အသုံးများသော လူမှုကွန်ယက်ဖြစ်သည့်တွစ်တာကို အများဆုံးအသုံးပြုကာ ကမ္ဘာသုံးဘာသာစကားဖြစ်သော အင်္ဂလိပ်ဘာသာဖြင့် ဝါဒဖြန့်ချိမှုများပြုလုပ်နေသည်ကိုလည်းတွေ့ရသည်။ ထို့အပြင် ပြည်တွင်းပြည်ပမီဒီယာအချို့တွင်လည်း လက်ရှိဖြစ်ရပ်များ၊ ဖြစ်စဉ်များအပေါ်သတင်းရေးသားရာ၌ သတင်းကိုချဉ်းကပ်သည့်ရှုထောင့်၊ သတင်းရေးသားရာတွင် အသုံးပြုသည့်ဝေါဟာရများမှအစ ဘက်လိုက်ခြင်း၊ ပုံဖျက်ခြင်းတို့ကို ပြုလုပ်ကြသည့်အပြင် ကိုးကွယ်ရာဘာသာရေးကိုအကြောင်းပြု၍ ဖြစ်သယောင်ယောင်ထင်မြင်လာအောင် ရေးသားနေကြသည်ကိုလည်းတွေ့ရှိနေရသည်။ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အုပ်စုတို့၏ ရည်မှန်းချက်နှင့်နည်းဗျူဟာများမှာ ရေရှည်သဘောကိုဆောင်ပြီး နိုင်ငံတကာသို့ပင် လက်တံရှည်သည့်အလျောက် ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးကို ကိုင်တွယ်ဖြေရှင်းရာတွင် အကြမ်းဖက်အုပ်စု၏ နည်းဗျူဟာထောင်ချောက်အတွင်း မကျရောက်စေရေးအတွက် သတိပြုကြသင့်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားပါသည်။[33] အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ဦး၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ အရာထမ်းတစ်ဦး အသက်ဆုံးရှုံးခဲ့သည်။ အကြမ်းဖက်မှုတွင် ပါဝင်သည့်အကြမ်းဖက်သမား ၇၇ ဦးကို အသေဖမ်းဆီးရမိခဲ့ပြီး နှစ်ဦးကိုအရှင်ဖမ်းမိခဲ့သည်ဟုသိရသည်။[34]

၃၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ရခိုင်ပြည်နယ်တွင် တိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ရက်နေ့၌ ကြေညာချက်ထုတ်ပြန်ခဲ့ရာမှာ ရခိုင်ပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အကြမ်းဖက်သမားများ၏ ကြမ်းတမ်းရက်စက်သည့် တိုက်ခိုက်မှုလုပ်ရပ်များကို

---

၃၃။ ဩဂုတ်လ ၂၈ရက်၊ ၂၀၁၇ခုနှစ်၊ အတွဲ(၅၆)၊ အမှတ်(၃၂၉) မြန်မာ့အလင်းသတင်းစာ ၊စာ-၂
၃၄။ဩဂုတ်လ၂ ၆ ရက်၊ ၂၀၁၇ ခုနှစ်၊ အတွဲ(၅၆)၊ အမှတ် (၃၂၇)၊ ၊ မြန်မာ့အလင်းသတင်းစာ၊ စာ- ၁နှင့်၃

ပြင်းထန်စွာရှုတ်ချကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏အပြီးသတ်အစီရင်ခံစာထုတ်ပြန်မှုနှင့် အချိန်ကိုက်၍တိုက်ခိုက်မှုများဖြစ်လာနိုင်ဖွယ်ရာရှိသည်ကို ယခင်ကတည်းက ကြိုတင်မှန်းဆထားသည့်အတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများအားလည်း ညွှန်ကြားချက်များပေးထားခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် သဟဇာတဖြစ်မှုတို့အတွက် ကြိုးပမ်းအားထုတ်နေမှုများကို ထိခိုက်ယုတ်လျော့သွားစေရန် ဦးတည်ချက်ရှိရှိ စနစ်တကျ စီမံဆောင်ရွက်နေသည့်လုပ်ရပ်များဖြစ်သည်မှာ ထင်ရှားနေကြောင်းပြောကြားခဲ့သည်။ အစွန်းရောက်အကြမ်းဖက်သမားများ၏ ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(နေပြည်တော်)၌ အစည်းအဝေးခေါ်ယူကျင်းပခဲ့သည်။[35]

၃၅။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့်ဘင်္ဂါလီပြဿနာနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ဆွေးနွေးညှိနှိုင်းရန် ဗြိတိန်နှင့်ဆွီဒင်တို့က တိုက်တွန်းတောင်းဆိုထားသည်။ ဘင်္ဂါလီမျိုးနွယ်စုများဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးတိမ်းရှောင်နေခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတွင် တံခါးပိတ်ဆွေးနွေးရန် ဥရောပနိုင်ငံများကတိုက်တွန်းခဲ့သည်။ ဘင်္ဂါလီအနွယ်ဝင်အကြမ်းဖက်စစ်သွေးကြွအုပ်စုတစ်ခုက လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်သတ်ဖြတ်ခဲ့ခြင်း

၃၅။ ဩဂုတ်လ ၂၆ ရက်၊ ၂၀၁၇ ခုနှစ်၊ အတွဲ(၅၆)၊ အမှတ် (၃၂၇)၊ ၊ မြန်မာ့အလင်းသတင်းစာ၊ စာ- ၁နှင့်၃

ကြောင့် ပဋိပက္ခများတစ်ကျော့ပြန် စတင်လာခြင်းဖြစ်သော်လည်း မြန်မာအာဏာပိုင်များက ဘင်္ဂါလီများကို ရှင်းလင်းဖယ်ရှားနေကြောင်း နိုင်ငံတကာတွင် စွပ်စွဲမှုများပေါ်ထွက်နေသည်။ ကုလသမဂ္ဂ၏လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး ဇိတ်ဒ်ရာအတ်ဒ်အယ်လ်ဟူစိန်က မြန်မာနိုင်ငံတွင် မျိုးနွယ်စုရှင်းလင်းမှုများကို စနစ်တကျလုပ်ဆောင်နေကြောင်း ၂၀၁၇ခုနှစ်၊ စက်တင်ဘာ၁၁ရက်တွင် စွပ်စွဲပြောကြားခဲ့သည်။[36]

၃၆။ မြန်မာအစိုးရနှင့်ရင်းနှီး သောဆက်ဆံရေးရှိနေသည့် တရုတ်ကမူ ရခိုင်ပြဿနာကို ကုလသမဂ္ဂတွင် ထည့်သွင်းဆွေးနွေးမှုမပြုသင့်ကြောင်း ကာကွယ်ရပ်တည်နေခဲ့သည်ဟု သိရပါသည်။ ဗြိတိန်၏ကုလသမဂ္ဂဆိုင်ရာ သံအမတ်မက်သရူးရေးခရော့ဖ်က ရခိုင်ပြည်နယ်မှ ဘင်္ဂါလီအနွယ်ဝင်များ တိမ်းရှောင်ထွက်ပြေးနေသည့်အခြေအနေအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များက စိုးရိမ်မှုသိသိသာသာမြင့်တက်လာကြောင်း ပြောကြားခဲ့သည်။ မြန်မာအစိုးရ၏နိုင်ငံခြားရေးဝန်ကြီးဌာနက ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏စွပ်စွဲချက်နှင့်ပတ်သက်၍ တိုက်ရိုက်ရည်ညွှန်းမှုမရှိသော်လည်း အရပ်သားများ နေရာပြောင်းရွှေ့တိမ်းရှောင်ခဲ့ရမှုများအပေါ် နိုင်ငံတကာနည်းတူ မြန်မာအစိုးရသည်လည်း စိုးရိမ်ပူပန်မှုအပြည့်အဝရှိနေခဲ့ကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ရခိုင်ပြည်နယ်တည်ငြိမ်ရေး၊ အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရ၏ကြိုးပမ်းအားထုတ်မှုများတွင် ပါဝင်ပံ့ပိုးပေးခြင်းဖြင့်သာပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများသည် အဆိုပါကိစ္စနှင့်ပတ်သက်၍ ဩဂုတ်လ ၃၀ ရက်က တံခါးပိတ်ဆွေးနွေးမှုတစ်ကြိမ်ပြုလုပ်ခဲ့ပြီး ဆွေးနွေးမှုရလာဒ်များကို အသေးစိတ်မထုတ်ပြန်ခဲ့ချေ။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလဆန်းတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတီရက်စ်က

---

၃၆။http://ec2-54-255-198-232.ap-southeast-1.compute.amazonaws.com/story/107287

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည် ပဋိပက္ခများကဆိုးရွားသည့် နောက်ဆက်တွဲ အကျပ်အတည်းများထံဦးတည်သွားမည်ကို စိုးရိမ်ကြောင်းကြေညာခဲ့သည်။[37]

## နိဂုံး

၃၇။ နိဂုံးချုပ်အားဖြင့် ဒေးဗစ်ရာပိုပေါ့၏အဆိုအရ အကြမ်းဖက်ဝါဒလှိုင်းလေးကြိမ် ရှိခဲ့ပြီဖြစ်သည်။ လှိုင်းတစ်ခုစီသည် ဆယ်စုနှစ်အနည်းငယ်ကြာမြင့်ပြီးနောက်တွင် ထိုအကြမ်းဖက်အုပ်စုများသည် ဆက်လက်ရှိနေသေးသည့်တိုင် ၎င်းတို့ကိုထောက်ခံသူများ၊ ဂရုဏာသက်သူများလျော့ကျသွားကာ တဖြည်းဖြည်းချင်း အားနည်းပျောက်ကွယ်သွားကြသည်။ ထိုသို့ဆိုလျှင် ယခုဘာသာရေးအကြမ်းဖက်လှိုင်းပြီးနောက် နောက်ထပ်ပေါ်လာမည့်အကြမ်းဖက်လှိုင်းမှာ မည်သည့်အရာကိုအခြေခံသည့် အကြမ်းဖက်ဝါဒဖြစ်မည်နည်းဟု စဉ်းစားစရာရှိပါသည်။ ယနေ့အချိန်ထိ ဘာသာရေးအခြေခံအကြမ်းဖက်လှိုင်းမှာ အားပျော့ခြင်းမရှိသည့်အပြင် ပိုမိုအားကောင်းလာသည့်သဘောပင်ရှိနေပါသည်။[38] အကြမ်းဖက်မှုများရှိနေသောဒေသ၊ နိုင်ငံများသည် မည်သည့်ခါမှအေးချမ်းမည်မဟုတ်ပါ။ တည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုလည်း အားစိုက်မဆောင်ရွက်နိုင်သကဲ့သို့ စီးပွားရေးတွင်လည်း တိုးတက်လာမည်မဟုတ်ပါ။ နောက်ဆုံးတွင် နိုင်ငံတို့၏အချုပ်အခြာအာဏာနှင့် ငြိမ်းချမ်းရေးကိုထိခိုက်လာနိုင်ပါသည်။ ထို့ကြောင့် လူ့အသိုင်းအဝိုင်းလူ့ပတ်ဝန်းကျင်တွင် အကြမ်းဖက်မှုမဖြစ်အောင်၊ အကယ်၍ဖြစ်ခဲ့ပါကလည်း ထပ်မံမဖြစ်ပွားအောင် အချုပ်အခြာအာဏာပိုင်နယ်မြေများ၊ အကြမ်းဖက်သမားများလက်ထဲမကျရောက်ရေး နည်းလမ်းရှာရှင်းလင်းထိန်းသိမ်းရန်မှာ အစိုးရတာဝန်သာမက ပြည်သူများ၏တာဝန်ပါဖြစ်ကြောင်းတင်ပြအပ်ပါသည်။[39]

---

၃၇။ http://ec2-54-255-198-232.ap-southeast-1.compute.amazonaws.com/story/107287

၃၈။ အတွဲ-၄၊ အကြမ်းဖက်ဝါဒနှင့်အကြမ်းဖက်နှိမ်နှင်းရေး၊ ဝင်းဇော်မိုး(ယောမြေ)၊ သေနင်္ဂဟာမဂ္ဂဇင်း ၊စာ-၁၉ မှ၂၃

၃၉။ အင်္ဂါနေ့၊ ဩဂုတ် ၂၉၊၂၀၁၇ ၊မြန်မာ့အလင်းသတင်းစာ ၊စာ-၁၅